# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို
# ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ

(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၆ ။)

၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၄ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပဉ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် မဲဆန္ဒနယ်အသီးသီးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၏ မဲစာရင်းများကို သတ်မှတ်ထားသည့်အတိုင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲများနှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲတို့က ပြုစုခြင်း၊ ပြင်ဆင်ခြင်းနှင့် ဖြည့်စွက်ခြင်းတို့ကို ဆောင်ရွက်ရမည်။"

၃။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၆၈ ကို အောက်ပါအတိုင်း အစားထိုးရမည် -

"၆၈။ (က) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်သော ကန့်ကွက်လွှာကို ယှဉ်ပြိုင်အရွေးခံသော မည်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်းကမဆို သို့မဟုတ် ယင်းမဲဆန္ဒနယ်တွင် ဆန္ဒမဲပေးခဲ့သည့် မည်သည့် မဲဆန္ဒရှင်ကမဆို ပုဒ်မ ၅၃ အရ ကော်မရှင်က ဆုံးဖြတ်ပြီးသည့်ကိစ္စရပ်များမှအပ ယင်းရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ဆီလျော်သော အကြောင်းပြချက်များကို ဖော်ပြပြီး ကော်မရှင်သို့ သတ်မှတ်ထားသည့်အတိုင်း တင်သွင်းလျှောက်ထားနိုင်သည်။

(ခ) လွှတ်တော်ကိုယ်စားလှယ်လောင်းတစ်ဦးသည် မိမိ၏ ကန့်ကွက်လွှာတွင် လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူအား ကန့်ကွက်ရာ၌ မိမိသာလျှင် မဲအများဆုံးရ၍ ရွေးကောက်တင်မြှောက်ခံရသူဖြစ်သည်ဟု ကြေညာစေရန် တောင်းဆိုလိုပါက အောက်ပါအကြောင်းပြချက်တစ်ရပ်ရပ်ကို အခြေခံရမည်-

(၁) လျှောက်ထားသူသာလျှင် ခိုင်လုံသော မဲအများဆုံးရသည်မှာ အမှန်ဖြစ်သည်ဟူသော အကြောင်းပြချက်၊

(၂) လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူရရှိသော မဲများတွင် တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသော မဲများမပါရှိခဲ့သော် လျှော့ကျန်ထားသူသည်သာ ခိုင်လုံသောမဲ အများဆုံးကို ရရှိနိုင်သည်ဟူသော အကြောင်းပြချက်။"

၄။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၈၉။ (က) လွှတ်တော်တွင် တစ်စုံတစ်ရာသောအကြောင်းကြောင့် လွှတ်တော်ကိုယ်စားလှယ် နေရာလစ်လပ်ခဲ့လျှင် ဥပဒေနှင့်အညီ အစားထိုးရွေးကောက် တင်မြှောက်ရမည်။

(ခ) လွှတ်တော်ပုံမှန်သက်တမ်း၏ ပထမနှစ်နှင့် ပဉ္စမနှစ်တို့တွင် ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပခြင်း မပြုရ။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဝင်းမြင့်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်